Fortify Rights

# လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု များစွာကို ကျူးလွန်နေသည့် မြန်မာနိုင်ငံမှ စစ်ဗိုလ်ချုပ်များနှင့် အပေါင်းအပါတို့အား ဂျာမနီနိုင်ငံ၌ တင်သွင်းထားသော ပြစ်မှုဆိုင်ရာ တိုင်ကြားချက်ကို ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်

နိုဝင်ဘာလ ၃၀ ရက်နေ့၊ ၂၀၂၃ ခုနှစ်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် Fortify Rights နှင့်တကွ မြန်မာနိုင်ငံမှ တိုင်ကြားသူ ၁၆ ဦးတို့သည် ဂျာမနီနိုင်ငံ၏ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ထံတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်အရ မြန်မာနိုင်ငံမှ အကြီးတန်း စစ်ဗိုလ်ချုပ်များနှင့် အပေါင်းအပါတို့အား လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ကျူးလွန်နေသည့်အတွက် ပြစ်မှုဆိုင်ရာ တိုင်ကြားချက် တစ်ရပ် တင်သွင်းခဲ့သည်။ စာမျက်နှာ ၂၁၅ မျက်နှာပါ တိုင်ကြားချက်နှင့် စာမျက်နှာ ၁,၀၀၀ ပါ ပူးတွဲ စာရွက်စာတမ်းများတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့၊ ၂၀၂၁ ခုနှစ် စစ်ကောင်စီ အာဏာသိမ်းမှုနဲ့ ဆက်စပ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်များ အတွင်း ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှု များစသည်တို့ကို ကျူးလွန်ခဲ့သည့် တာဝန်ရှိသူများအား ဂျာမနီ ပြည်ထောင်စုအစိုးရ ရှေ့နေရုံးမှ စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်ရန် သက်သေခံ အထောက်အထားများ ကို ပေးပို့ တင်သွင်းထားပါသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်မှ Fortify Rights ထံသို့ တိုင်ကြားချက်ပါ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်မည် မဟုတ်ကြောင်း အကြောင်းကြားခဲ့သည်။ Fortify Rights အနေဖြင့် ဂျာမနီ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်၏ ဆုံးဖြတ်ချက်ကို လေးစားသော်လည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ် အပေါ်ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှု များအတွက် ပို၍ပင် တာဝန်ခံမှုရှိရန် အလျင်အမြန် လိုအပ်နေကြောင်း အလေးပေးဖော်ပြလိုပါသည်။

ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်၏ အကြောင်းကြားစာအရ စုံစမ်းစစ်ဆေးမှု စတင် မလုပ်ဆောင်ရခြင်း၏ အဓိက အကြောင်းရင်း နှစ်ရပ်ကို တင်ပြထားခဲ့ပြီး ယင်းအကြောင်းအရင်း နှစ်ရပ်တို့သည် တင်ပြထားသည့် အထောက်အထား ခိုင်လုံမှုနှင့် သက်ဆိုင်မှု မရှိပါ။ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်အနေဖြင့် တရားစွဲဆိုခြင်း ကိစ္စရပ်များတွင် တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့်အရ ဂျာမနီနိုင်ငံ၏ နိုင်ငံတကာ ဥပဒေဆိုင်ရာ ရာဇဝတ်မှုများကိုသာ အဓိကထား ရည်ညွှန်းကိုးကားသည်။ အတိအကျအားဖြင့်ဆိုလျှင် ဂျာမန် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၅၃ စ၊ အပိုဒ် ၁ အရ တရားစွဲဆိုခံရသူသည် ဂျာမနီနိုင်ငံတွင် ရှိမနေပါက သို့မဟုတ် ဂျာမနီနိုင်ငံကို လာရောက်မည့် အလားအလာ မရှိနေပါက ဂျာမန်အစိုးရ ရှေ့နေအနေဖြင့် တရားစွဲဆိုမှုများ ရှေ့ဆက်လုပ်ဆောင်ရန် ငြင်းဆိုခွင့်ရှိသည်။ ထို့အပြင် ဂျာမန် တရားဥပဒေစိုးမိုးရေး အေဂျင်စီများ အနေဖြင့် လက်ရှိဆောင်ရွက်နေဆဲ စုံစမ်းစစ်ဆေးနေမှု များထက်ပို၍ မည်သည့် အကျိုးခံစားခွင့်မျှ ထပ်မံပေးမည် မဟုတ်ကြောင်း၊ “မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM)” ၏ ကျယ်ပြန့်သော လုပ်ဆောင်ချက်များ ဖြစ်သည့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် ကျန်ရှိသော အရပ်သားပြည်သူလူထု အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို စုံစမ်းစစ်ဆေးခြင်း၊ စုဆောင်းခြင်း စသည်တို့ကို သတိပြုမိကြောင်း ဂျာမန် ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်က ပြောကြားခဲ့သည်။

လတ်တလောတွင် ဂျာမနီသည် IIMM ၏ စုံစမ်းစစ်ဆေးမှုများကို အကူအညီ ပေးရန်အတွက် IIMM မှ တောင်းဆိုသည်များကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းများ၊ အခြားသော ကိစ္စရပ်များအပြင် သက်သေများကို စစ်ဆေးမေးမြန်းခြင်းနှင့် ဂျာမနီ အနေဖြင့်လည်း IIMM ၏ ကြိုးပမ်း အားထုတ်မှုတွင် အထောက်အထားများ လုံခြုံစေရန် ပံ့ပိုးပေးထားကြောင်းကို အစိုးရရှေ့နေချုပ်မှ သတိပြု မှတ်ချက်ပေးသည်။

အဆိုပါ တိုင်ကြားချက်တွင် Fortify Rights နှင့် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုမှ လွတ်မြောက်သူ ၁၆ ဦးတို့မှ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၊ ရခိုင်ပြည်နယ်ရှိ မြန်မာစစ်တပ် ဦးဆောင်သော "နယ်မြေရှင်းလင်းရေး" ဆောင်ရွက်မှု နှင့် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်အတွင်း အာဏာသိမ်းပြီးနောက် နိုင်ငံတဝှမ်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့တွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုဆိုင်ရာ သက်သေ အထောက်အထားများကိုပါ ပေးပို့ တိုင်ကြားထားသည်။ ရာဇဝတ်မှုများတွင် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အကျဉ်းချမှု၊ အစဖျောက်မှု၊ နှိပ်ကွပ်မှုတို့ အပါအဝင် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်သည်။ တိုင်ကြားစာတွင် မြန်မာစစ်တပ်မှ အကြီးတန်း အရာရှိများသည် ရာဇဝတ်မှု ကျူးလွန်သော လက်အောက်ငယ်သားများ အပေါ်တွင် အထက်ကပေးသည့် တာဝန်ဟူ၍ လက်ကိုင် ကျင့်သုံးကာ ၎င်းတို့ လက်အောက်ငယ်သားများ၏ ပြစ်မှုများကို သိရှိထားသော်လည်း၊ ပြစ်မှုများ ဆက်လက် မကျူးလွန်အောင် ပိတ်ပင်တားဆီးပြီး အရေးယူရန် ပျက်ကွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်နေသည်။

တိုင်ကြားချက်ပါ ခိုင်လုံသော စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ဂျာမန်ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်အနေဖြင့် တိုင်ကြားချက်ပါ အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် လိုအပ်သော အချက်အလက်များဖြစ်သည်၊ မဖြစ်သည်ကို စစ်ဆေးခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ ထို့အပြင် ဂျာမန်ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်သည် အမည်တပ်ခံထားရသည့် အကြီးတန်း မြန်မာ စစ်ဗိုလ်ချုပ်များအနေဖြင့် နိုင်ငံတော် တရားရုံးများက တရားစွဲဆိုခြင်းကို ဟန့်တားပိတ်ပင်သည့် သီးခြားပုဂ္ဂိုလ်ရေးအရ ကင်းလွတ်ခွင့်များကို ခံစားရရှိနေခြင်း ရှိ၊ မရှိကိုလည်း ထည့်သွင်း စဉ်းစားခြင်းမရှိပေ။

Fortify Rights နှင့် မြန်မာနိုင်ငံရှိ ဘာသာ၊ လူမျိုးမတူသော တိုင်းရင်းသား လူမျိုးစု အများအပြားကို ကိုယ်စားပြုနေသည့် တိုင်ကြားသူများသည် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်လှသော ရာဇဝတ်မှုများအတွက် တာဝန်ရှိနေသော၊ အထူးသဖြင့် သက်သေ အတိအကျနဲ့ ပါဝင်နေသော မြန်မာ့ တပ်မတော် အရာရှိများနှင့် အပေါင်းအပါများကို စုံစမ်းစစ်ဆေးရန် ပြည်ထောင်စု အစိုးရရှေ့နေထံ တောင်းဆိုခဲ့သည်။ အဆိုပါ တိုင်ကြားချက်တွင် ဂျာမနီ အာဏာပိုင်များအား မြန်မာနိုင်ငံတွင်း အခြေအနေများကို "ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှု" တစ်ရပ်ကို ဖွင့်ပေးရန် တောင်းဆိုထားပြီး၊ တိုင်ကြားချက်တွင် ပါဝင်ခြင်း မရှိသော်လည်း နေရာဒေသ အသီးသီးတွင် အခြားသော တိုင်းရင်းသား

လူမျိုးစုများအပေါ် ထိခိုက်နေမှုများအပြင် သံသယရှိသူများနှင့် ရာဇဝတ်မှုမြောက်မြားစွာကိုလည်း ထုတ်ဖော် ပေးနိုင်မည်ဖြစ်သည်။

ဂျာမန်ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်အနေဖြင့် စုံစမ်းစစ်ဆေးမှုတစ်ခုဖွင့်ပြီး အမှုဖွင့် အရေးယူ ဆောင်ရွက်ခဲ့ပါက အဆိုပါ တရားစွဲဆိုမှုသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကာလများမှ ရိုဟင်ဂျာများနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက် တစ်နိုင်ငံလုံးရှိ အရပ်သားများ အပေါ် စစ်တပ်မှ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အရေးယူသည့် ပထမဆုံး တရားစွဲဆိုခြင်း ဖြစ်လာမည် ဖြစ်သည်။ ဤရာဇဝတ်မှုများသည် ယနေ့တိုင် ဆက်လက် ဖြစ်ပွားနေဆဲပင် ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်ခြင်း မပြုသည့် ဂျာမန်ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် အကန့်အသတ် များရှိနေပြီး၊ အခြေအနေတွေ အရလည်း Fortify Rights သည် အဆိုပါကိစ္စနှင့် ပတ်သက်၍ ဂျာမန်အစိုးရ ရှေ့နေချုပ်၏ ဆုံးဖြတ်ချက်ကို လေးစားပါသည်။ Fortify Rights သည် ပြည်ထောင်စု အစိုးရရှေ့နေ၏ တိုင်ကြားချက်အပေါ် အာရုံစိုက်မှုနှင့် ၎င်း၏ ချင့်ချိန်မှုရှိသည့် တုံ့ပြန်မှု အပေါ်လည်း အသိအမှတ်ပြုပါသည်။

မြန်မာစစ်ကောင်စီ၏ လက်ရှိ ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ သက်သေ အထောက်အထားများကို စုဆောင်းရန်၊ ပိုမို ရရှိလာရန်နှင့် ထိန်းသိမ်း ထားရှိရန်အတွက် IIMM ၏ ကြိုးပမ်းမှုများတွင် ဂျာမနီအစိုးရ အနေဖြင့် ဆက်လက်ကူညီရန် ကြိုးပမ်းနေမှုကိုလည်း Fortify Rights မှ ကျေးဇူးတင်ကြောင်း၊ သို့မှသာ ဤရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှု ကျူးလွန်သူများအတွက် တာဝန်ခံ တာဝန်ယူမှု ရှိနိုင်မည်ဖြစ်သည်။ ဂျာမနီနိုင်ငံသည် ဤရာဇဝတ်မှု ကျူးလွန်သူများကို ဖမ်းဆီး တရားစွဲဆို နိုင်မည့် အခြေအနေများဆီသို့ ပြောင်းလဲ ဖြစ်ပေါ်လာမည့် အနေအထား ဖြစ်သည့်တိုင်အောင် လုပ်ဆောင် သွားနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

Fortify Rights သည် ၂၀၁၃ ခုနှစ်တွင် စတင် တည်ထောင်စဉ်ကပင် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်နေခဲ့သည့် မြန်မာစစ်တပ် အနေဖြင့် ထိရောက်သည့် အရေးယူခံရခြင်းမှ ကာလရှည်ကြာစွာ အပြည့်အဝ ကင်းလွတ်ခွင့် ရနေမှုအပေါ် အာရုံစိုက်လာစေရန် ရှေ့တန်းမှ ဦးဆောင်နေခဲ့ပါသည်။ စစ်ကောင်စီ၏ ရာဇဝတ်မှုများသည် သန်းနှင့်ချီသော အပြစ်မဲ့

အရပ်သားများအပေါ် မတရားဖိနှိပ်ခဲ့ပြီး ယနေ့တိုင် ဆက်လက်၍ ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ ကျူးလွန်နေဆဲဖြစ်သည်။ ထို့ကြောင့်၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် အဆိုပါ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ရပ်တန့်ရန်၊ တာဝန်ရှိသူများကို ဖမ်းဆီးရန်နှင့် ကျူးလွန်ခဲ့သည်များကို ဝန်ခံပြီး တာဝန်ခံမှုရှိရန် အလို့ငှာ အဖွဲ့ဝင်နိုင်ငံ အစိုးရအချင်းချင်း ညှိနှိုင်း ဆောင်ရွက်မှုများ အပါအဝင် တက်ကြွသော အစီအမံများကို လုပ်ဆောင်ရမည် ဖြစ်သည်။ Fortify Rights သည် ဤလုပ်ဆောင်ချက်ကို လျင်မြန်စွာနှင့် အထိရောက်ဆုံး၊ အသေချာဆုံးသော သက်ရောက်မှု ရှိစေမည့် လမ်းစဉ်တိုင်းကို လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည်။

**ပိုမိုသိရှိလိုပါက ဝင်ရောက်ကြည့်ရှုရန်**

[www.fortifyrights.org](http://www.fortifyrights.org)